Prevent Child Abuse Indiana
A Division of The Villages
A Chartered State Chapter of Prevent Child Abuse America

INDIANA Kids First CARE PREVENTING CHILD ABUSE



# လုံခြုံမှုရှိသော ခိုလှုံရာ

မည်သူကမျှ မွေးကင်းစကလေးကို စွန့်ပစ်ရန် မလိုအပ်ပါ။ **အင်ဒီယားနားပြည်နယ် လုံခြုံမှုရှိသော ခိုလှုံရာ အက်ဥပဒေ**အရ လူတစ်ဦးသည် ဖမ်းဆီးခံရမည် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရမည်ကို ကြောက်ရွံ့စရာမလိုဘဲ မိမိမလိုချင်သော မွေးကင်းစကလေးကို **အမည်မဖော်ဘဲ** လွှဲအပ်နိုင်ပါသည်။

**မိဘ၊ မိသားစုဝင်၊ မိတ်ဆွေ၊ ဘုန်းတော်ကြီး သို့မဟုတ် သင်းအုပ်ဆရာ၊ လူမှုဝန်ထမ်း သို့မဟုတ် တာဝန်ရှိသူတစ်ဦးဦးက 30 ရက်သားမပြည့်သေးသော မွေးကင်းစကလေးအား အုပ်ထိန်းပိုင်ခွင့်ကို အင်ဒီယားနားပြည်နယ်ရှိ အောက်ပါနေရာများသို့ လွှဲပြောင်းပေးနိုင်သည်...**

- **ဆေးရုံ**
- **ဆရာဝန်**
- **သူနာပြု**
- **ဆေးမှူး သို့မဟုတ် အရေးပေါ်ဆေးဘက်ဆိုင်ရာဝန်ထမ်း**
- **ဥပဒေစိုးမိုးရေးအရာရှိ**
- **မီးသတ်သမား သို့မဟုတ် သတ်မှတ်ထားသည့် မီးသတ်ဌာနများရှိ “ဘေးကင်းလုံခြုံရေး သေတ္တာ” တွင်**
- ***သို့မဟုတ်* အရေးပေါ်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများပေးသော**

## နောက်ဘာဆက်ဖြစ်မည်နည်း။

- ကလေးငယ်တွင် ရည်ရွယ်ချက်ရှိရှိ ညှဉ်းပန်းနှိပ်စက်ခံထားရသော လက္ခဏာများ မတွေ့ရပါက ကလေးအား ထားခဲ့သူကို မည်သည့်အချက်အလက်မျှ မေးမြန်းရန် မလိုအပ်ပါ။ သို့သော် မွေးနေ့၊ လူမျိုး၊ မိဘ၏ကျန်းမာရေးရာဇဝင်၊ ကလေး၏ကျန်းမာရေးအခြေအနေ သို့မဟုတ် ကလေးစောင့်ရှောက်သူအတွက် အသုံးဝင်သော အချက်အလက်များ (ဆီးချိုရောဂါ၊ HIV သို့မဟုတ် အခြားမိသားစုကျန်းမာရေးရာဇဝင်ကဲ့သို့) ကို သိရှိရပါက အလွန်အထောက်အကူဖြစ်စေပါမည်။
- ကလေးကို ဆေးစစ်၍ (လိုအပ်ပါက) ဆေးကုသမှုပေးပြီးနောက် အင်ဒီယားနားပြည်နယ် ကလေးသူငယ်ဝန်ဆောင်မှုဌာနက ကလေးသူငယ်ကာကွယ်ရေး ဝန်ဆောင်မှုမှတစ်ဆင့် ကလေးအုပ်ထိန်းခွင့်ကို လက်ခံကာ ၎င်းကို စောင့်ရှောက်သူတစ်ဦးနှင့်အတူ နေရာချထားပါမည်။
- မိဘများသည် အခမဲ့တိုင်ပင်ဆွေးနွေးမှုရယူရန်နှင့် ၎င်းတို့၏အခြေအနေနှင့်ပတ်သက်သော ရွေးချယ်စရာ အမျိုးအစားအားလုံးအကြောင်း ဆွေးနွေးရန် **National Safe Haven ဟော့လိုင်း 1-866-992-2291** သို့ ဖုန်းခေါ်ဆိုနိုင်သည် သို့မဟုတ် **www.SHBB.org** တွင် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်နိုင်ပါသည်။ **အရင်းအမြစ်ဖုန်းလိုင်း 2-1-1** သို့မဟုတ် **စိတ်ကျန်းမာရေးဟော့လိုင်း 988** ကိုလည်း ခေါ်ဆိုနိုင်ပါသည်။

## ပိုမိုလေ့လာရန်

နောက်ထပ်အချက်အလက်များအတွက် အင်ဒီယားနားပြည်နယ်ရှိ National Safe Haven Alliance ၏ ဝက်ဘ်ဆိုက် www.nationalsafehavenalliance.org ကို ဝင်ရောက်ကြည့်ရှုပါ။

## ကျွန်ုပ်တို့အကြောင်း

Prevent Child Abuse Indiana သည် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုကို တားဆီးရန် ရည်ရွယ်လုပ်ဆောင်ပါသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် အင်ဒီယားနားပြည်နယ်ကို ကျွန်ုပ်တို့၏ ကလေးများအတွက် ပိုမိုလုံခြုံပြီး ကောင်းမွန်သော နေရာတစ်ခုဖြစ်အောင် ဖန်တီးပေးသည်။

*အတူတကွဆိုလျှင် ကြိုတင်တားဆီးကာကွယ်နိုင်ပါသည်။*

www.pcain.org